# ၂၀၁၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ တောင်ကြီးတိုင်းရင်းဆေးရုံ အတွင်းလူနာဌာနတွင် တက်ရောက်ကုသမှုခံယူခဲ့သော လေငန်းရောဂါများအား လေ့လာခြင်း

**မြဆွေ၊ မျိုးမင်းဝင်း၊ သန်းသန်းနိုင်၊ နှင်းမြတ်ထိုက်**

**(တောင်ကြီးတိုင်းရင်းဆေးရုံ)**

မြန်မာ့တိုင်းရင်းဆေးပညာသည် ပြည်သူလူထု၏ ကျန်းမာရေးကို အစဉ်တစိုက် စောင့်ရှောက်မှု ပြုလာခဲ့သော ဆေးပညာရပ်ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာ၏ ဘေးထွက်ဆိုးကျိုးနည်းပါးမှု၊ ကုန်ကျစရိတ်သက်သာမှုနှင့် ရောဂါများကို ပျောက်ကင်းစေနိုင်မှုများကြောင့် ပြည်သူလူထု အားကိုးအားထား ပြုလာကြခြင်း ဖြစ်ပါသည်။

ယခု စာတမ်းကို တောင်ကြီး တိုင်းရင်းဆေးရုံသို့ တက်ရောက်ကုသမှု အများဆုံး ဖြစ်သော လေငန်းရောဂါနှင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရာသီဥတု၊ လူမျိုးတို့၏ ဓလေ့ စရိုက်တို့ကို နှိုင်းယှဉ်လေ့လာ သုတေသနစာတမ်းဖြစ်ပါသည်။ လေငန်းရောဂါသည် သွေးတိုးရောဂါ၏နောက်ဆက်တွဲရောဂါတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် လေငန်းရောဂါအား သုတေသနပြုခြင်းသည် ရောဂါကြီး (၆)မျိုးအနက် သွေးတိုးရောဂါအား သုတေသနပြုရာ ရောက်သည်ဟု ယူဆရမည်ဖြစ်ပါသည်။